# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

ရန်ကုန်မြို့ ၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။
(၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၆၇ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် ဥပဒေကို ပြင်သည့်ဥပဒေ

[၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ (၁) ဤဥပဒေကို ၁၉၆၇ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် ဥပဒေကိုပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ နောက်တွင်အဆိုပါ ဥပဒေဟုရည်ညွှန်းသည့် ၁၉၆၃ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင် ဥပဒေပုဒ်မ ၇ တွင် ပုဒ်မခွဲ (၁) နှင့် (၂) အစား၊ အောက်ပါကိုပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

"(၁) ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်—

(က) ၁၉၆၇ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ဥပဒေကိုပြင်သည့် ဥပဒေ စတင်အာဏာတည်သည့်နေ့ မတိုင်မီက ကျောင်းသား ဦးရေမည်မျှကိုပင် စာရင်းသွင်းလက်ခံသင်ကြားနေစေကာမူ၊ အဆိုပါ ဥပဒေစတင်အာဏာတည်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်းဖြစ်စေ၊ အစိုးရက အခါအားလျော်စွာ နောက်ထပ်တိုးပေးသည့် ကာလအပိုင်းအခြားအတွင်း ဖြစ်စေ၊ မိမိကိုယ်ပိုင်ကျောင်းကို၊ ဤဥပဒေအရ အသစ်မှတ်ပုံတင်ရန်၊ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

(ခ) ၁၉၆၇ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်ဥပဒေကို ပြင်သည့် ဥပဒေစတင်အာဏာတည်သည့်နေ့ နောက်ပိုင်းတွင်၊ ကိုယ်ပိုင်ကျောင်းကိုဖွင့်လိုသော်၊ ဤဥပဒေအရ မှတ်ပုံတင်ရန်၊ မှတ်ပုံတင်အရာရှိထံလျှောက်ထားရမည်။ ဤဥပဒေအရ မှတ်ပုံတင်ခွင့်ပြုပြီးမှသာ၊ ကိုယ်ပိုင်ကျောင်းကိုဖွင့်ရမည်။''

(ပုံ) ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။
(၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။